

# ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် လစာမှဖြတ်တောက်ထားသော လစာဝင်ငွေခွန်များကို IRD’s Tax Payment Hub ကို အသုံးပြု၍ပေးဆောင်ကြရာတွင် ဖြတ်တောက်နုတ်ယူခံရသော ဝန်ထမ်းများမှ လစာဝင်ငွေခွန်ပေးဆောင်မှုမှတ်တမ်းကို လွယ်ကူစွာကြည့်ရှုနိုင်ရန်အတွက် IRD’s Tax Payment Hub တွင် PAYE Management Module စနစ်ခွဲ၏ Taxpayer User Guide

## User Account Registration




၁။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော https://www.ird.gov.mm မှ e-Payment ကို Click နှိပ်၍လည်းကောင်း၊ [https://onlinepayment.ird.gov.mm](https://onlinepayment.ird.gov.mm) မှတစ်ဆင့်လည်းကောင်းဝင်ရောက်၍ “Pay As You Earn (PAYE) လစာဝင်ငွေခွန်ပေးဆောင်မှုအတွက်အွန်လိုင်းစနစ်” အားနှိပ်၍ ဝင်ရောက်ပါ ။





၂။ အသုံးပြုသူသည် User Account Register ပြုလုပ်ရာတွင် အမျိုးအစား(၃)မျိုး ရှိပါသည်။ Account မရှိပါက **Register here** ကို နှိပ်ပါ။ ၎င်းတို့မှာ -


- PAYE User Account (Head Office)
- Payment Hub User Account (Head Office)
- Branch Office User Account

၃။ အခွန်ထမ်းကုမ္ပဏီတစ်ခုသည် PAYE User Account သို့မဟုတ် Payment Hub User Account အကောင့်တစ်ခုသာ အသုံးပြုနိုင်ပါသည်။ အကောင့်အားပြောင်းလဲပြီးအသုံးပြုလိုပါက မူလအကောင့်အား Inactive ပြုလုပ်ရန် ပြည်တွင်းအခွန်များဦးစီးဌာန၊ ဆိုင်ရာအခွန်ရုံးသို့ ဆက်သွယ်ရမည်။ ဆိုင်ရာအခွန်ရုံးမှ မူလအကောင့်အား Inactive ပြုလုပ်ပြီးပါက အခွန်ထမ်းကိုယ်တိုင် မိမိပြောင်းလိုသော User Account အသစ်အား Register ပြုလုပ်ရန်ဖြစ်ပါသည်။


၄။ Payment Hub User Account ဖြင့် အသုံးမပြုလိုပါက သို့မဟုတ် PAYE Management Portal အား User Account သီးသန့်ဖြင့် အသုံးပြုလိုပါက Login With PAYE User Account (Head Office) Button အားနှိပ်၍ Register Here မှတစ်ဆင့် Account Register ပြုလုပ်ရန်ဖြစ်ပါသည်။




၅။ PAYE Management Portal အား User Account သီးသန့်ဖြင့် အသုံးပြုလို၍ Register ပြုလုပ်ရာတွင် အထက်ဖော်ပြပါအချက်အလက်များအား ဖြည့်သွင်းရန်ဖြစ်ပါသည်။





၆။ ထို့နောက် Register ပြုလုပ်ရာတွင် ဖြည့်သွင်းထားသော Email သို့ A 6 Digit Verification Code အား စနစ်မှပေးပို့မည်ဖြစ်ပြီး ယင်း 6 Digit Verification Code ဖြည့်သွင်းပြီးနောက် Verify ဖြစ်ပါက မိမိ၏Passwordအား သတ်မှတ်ရန်ဖြစ်ပါသည်။






၇။ PAYE User Account (Head Office) သို့မဟုတ် Payment Hub User Account (Head Office) အား Register ဆောင်ရွက်ပြီးမှသာ Branch Office User Account အား Register ပြုလုပ်ရန်ဖြစ်ပါသည်။ ဦးစွာRegister ပြုလုပ်ရန်အတွက် အထက်ဖော်ပြပါပုံရှိ First Time Login Code ကို မိမိရုံးချုပ်၏ User Account ထံမှ တောင်းခံရမည်ဖြစ်ပါသည်။ သို့မှသာ Branch Office User Account သည် Active ဖြစ်မည် ဖြစ်ပါသည်။

## Payment လုပ်ဆောင်ပုံအဆင့်ဆင့်




၁။ စနစ်အတွင်းသို့ မိမိ User Account ဖြင့် ဝင်ရောက်ပြီးပါက အထက်ဖော်ပြပါအတိုင်း မြင်ရမည် ဖြစ်ပါသည်။

**ရုံးချုပ်မှ အခွန်ငွေပေးသွင်းခြင်း (Pay In Total)**


၂။ **Pay In Total** ဖြင့် အခွန်ပေးသွင်းခြင်းသည် ရုံးချုပ်မှ ရုံးချုပ်ဝန်ထမ်းများနှင့် Branch များ၏ ဝန်ထမ်းများအားလုံးတို့ကို စုပေါင်း၍ အခွန်ငွေပေးသွင်းပေးခြင်းဖြစ်ပါသည်။ အခွန်ပေးသွင်းသောဝန်ထမ်း ၏အချက်အလက်များကို **Excel upload** ဖြင့် စနစ်တွင်ဆောင်ရွက်ရပါမည်။

**ရုံးခွဲအလိုက် အခွန်ငွေပေးသွင်းခြင်း။(Pay By Branches)**


၃။ **Pay By Branches** ဖြင့် အခွန်ပေးဆောင်ရန်အတွက် ရုံးချုပ်သည် မိမိ၏ရုံးခွဲများကို Branch Register ပြုလုပ်ပေးရန် လိုအပ်ပါသည်။ ထို့နောက် ရုံးချုပ်အနေဖြင့် မိမိရုံးခွဲများကို First Time Login Code ဝေမျှပေးရမည်ဖြစ်ပါသည်။ သို့မှသာ ရုံခွဲများမှ ၎င်း First Time Login Code ဖြင့် ဝင်ရောက်၍ **Excel upload** ဖြင့် စနစ်တွင်ဆောင်ရွက်ရပါမည်။

ရုံးချုပ်အနေဖြင့် မိမိ၏ရုံးခွဲများ (Branch Office) များမှ အခွန်ငွေပေးသွင်းမှုများကို History Menu မှ ကြည့်ရှု၍ ရမည်ဖြစ်ပါသည်။ **Pay By Branches** ရွေးချယ်ထားပါက ရုံးချုပ်အနေဖြင့် အခွန်ငွေပေးသွင်း၍ မရပါ။


**ရုံးချုပ်မှ အခွန်ငွေပေးသွင်းခြင်းဆောင်ရွက်ပုံအဆင့်ဆင့် (Pay In Total)**




၁။ Sample File အား Download ပြုလုပ်၍ ဝန်ထမ်းအချက်အလက်များ ဖြည့်သွင်းပြီးပါက Choose File တွင် Excel File အား Upload ပြုလုပ်ရန်ဖြစ်ပါသည်။ Save Button အား Click နှိပ်ပြီးပါက မိမိအခွန်ပေးသွင်းလိုသောဝန်ထမ်းအား Select ပေး၍ အခွန်ပေးဆောင်နိုင်ရန် Make Payment Button ကို Click နှိပ်ပါ။ အခွန်ထမ်းအချက်အလက်မှားယွင်းထည့်သွင်းမိပါက Excel File အား ဖျက်ရန် Delete Data ကို Click နှိပ်ပါ။





| All | No | Employee Name | NRC No | Position | Salary | Allowance claimed | Amount Withheld | Period | Income Year | Addr |
|---|---|---|---|---|---|---|---|---|---|---|
| ☑ | 1 | 101 | 6/ကရရ(နိုင်)061038 | Accountant | 200,000 | 2,000 | 0.01 | MAY | 2025-2026 | Yang |
| ☑ | 2 | 102 | 6/ကရရ(နိုင်)061039 | Accountant | 200,000 | 2,000 | 0.01 | MAY | 2025-2026 | Yang |
| ☑ | 3 | 103 | 6/ကရရ(နိုင်)061040 | Accountant | 200,000 | 2,000 | 0.01 | MAY | 2025-2026 | Yang |
| ☐ | 4 | 104 | 6/ကရရ(နိုင်)061041 | Accountant | 200,000 | 2,000 | 0.01 | MAY | 2025-2026 | Yang |
| ☐ | 5 | 105 | 6/ကရရ(နိုင်)061042 | Accountant | 200,000 | 2,000 | 0.01 | MAY | 2025-2026 | Yang |
| ☐ | 6 | 106 | 6/ကရရ(နိုင်)061043 | Accountant | 200,000 | 2,000 | 0.01 | MAY | 2025-2026 | Yang |




| No | Reference No | Account No | Payment Type | Tax Pay Date | Amount (MMK) | No of Emp | Period | Income Yea | Action |
|---|---|---|---|---|---|---|---|---|---|
| 1 | IRD2504291051060002 | 09456995783 | uabpay | 4/29/2025 10:51:31 AM | 1.00 | 100 | MAY | 2025-2026 | |
| 2 | IRD2504290946180000 | 09456995783 | uabpay | 4/29/2025 9:46:42 AM | 1.00 | 100 | MAY | 2025-2026 | |
| 3 | IRD2504281437080006 | 09456995783 | uabpay | 4/28/2025 2:37:33 PM | 100.00 | 10000 | MAY | 2025-2026 | |
| 4 | IRD2504281107580000 | 09456995783 | uabpay | 4/28/2025 11:08:32 AM | 50.00 | 5000 | MAY | 2025-2026 | |
| | | | | Total: | 152.00 | 15200 | | | |


၂။ History တွင် Income Year, Tax Period အား ရွေးချယ်၍ မိမိပေးသွင်းခဲ့သော အချက်အလက်များ အား ကြည့်ရှုနိုင်ပါသည်။





| No | Employee Name | NRC No | Position | Salary | Allowance claimed | Amount Withheld | Address | Phone No | Passport No |
|---|---|---|---|---|---|---|---|---|---|
| 1 | 001 | 6/ကရရ(နိုင်)060938 | Accountant | ******* | 2,000.00 | 0.01 | Yangon | 09000061939 | |
| 2 | 002 | 6/ကရရ(နိုင်)060939 | Accountant | ******* | 2,000.00 | 0.01 | Yangon | 09000061940 | |
| 3 | 003 | 6/ကရရ(နိုင်)060940 | Accountant | ******* | 2,000.00 | 0.01 | Yangon | 09000061941 | |
| 4 | 004 | 6/ကရရ(နိုင်)060941 | Accountant | ******* | 2,000.00 | 0.01 | Yangon | 09000061942 | |
| 5 | 005 | 6/ကရရ(နိုင်)060942 | Accountant | ******* | 2,000.00 | 0.01 | Yangon | 09000061943 | |
| 6 | 006 | 6/ကရရ(နိုင်)060943 | Accountant | ******* | 2,000.00 | 0.01 | Yangon | 09000061944 | |
| 7 | 007 | 6/ကရရ(နိုင်)060944 | Accountant | ******* | 2,000.00 | 0.01 | Yangon | 09000061945 | |
| 8 | 008 | 6/ကရရ(နိုင်)060945 | Accountant | ******* | 2,000.00 | 0.01 | Yangon | 09000061946 | |
| 9 | 009 | 6/ကရရ(နိုင်)060946 | Accountant | ******* | 2,000.00 | 0.01 | Yangon | 09000061947 | |
| 10 | 010 | 6/ကရရ(နိုင်)060947 | Accountant | ******* | 2,000.00 | 0.01 | Yangon | 09000061948 | |


၃။ အခွန်ပေးသွင်းသည့် ဝန်ထမ်းအချက်လက်များအသေးစိတ်သိရှိလိုပါက Download ပြုလုပ်နိုင်ပါသည်။


## ရုံးခွဲအလိုက် အခွန်ငွေပေးသွင်းခြင်း ဆောင်ရွက်ပုံအဆင့်ဆင့် (Pay By Branches)





၁။ ရုံးချုပ်သည် မိမိ၏ရုံးခွဲများကို Branch Register ပြုလုပ်ရန်အတွက် Register Branches Button ကို Click ပါ။ Branch Name, Branch Code အီးမေးလ်၊ လိပ်စာ၊ အခွန်ပေးသွင်းရမည့်အခွန်ရုံးကို ရွေးချယ်ပြီးပါက Add Branch Button ကို Click ပါ။ တစ်ခုထက်ပိုသောရုံးခွဲများအား ဖြည့်သွင်းနိုင်ပါသည်။ ထို့နောက် Submit All Branches Button ကို Click ၍ ရုံးခွဲများအား Create ပြုလုပ်နိုင်ပါသည်။








၂။ ရုံးချုပ်သည် မိမိ၏ရုံးခွဲများကို Branch Register ပြုလုပ်ထားပါသဖြင့် ရုံးခွဲများသည် Login with Branch Account ဖြင့် စနစ်တွင် ဝင်ရောက်အသုံးပြုနိုင်ရန်အတွက် First Time Login Code အား ရုံးချုပ်သည် ရုံးခွဲအလိုက် ဖြန့်ဝေပေးရမည်ဖြစ်သည်။


## ရုံးခွဲအကောင့်(Login with Branch Account ) ဖြင့် အခွန်ငွေပေးသွင်းခြင်း ဆောင်ရွက်ပုံအဆင့်ဆင့်





၃။ Login with Branch Account ဖြင့် ပထမ အကြိမ် **login** ဝင်ပါက **Head office** မှရသော First Time Login Code ဖြင့် စနစ်အတွင်းသို့ ဝင်ရောက်ပါ။




၂။ မိမိရုံးခွဲ၏ ဝန်ထမ်းများအား အခွန်ပေးသွင်းရန်အတွက် Sample File အား Download ပြုလုပ်၍ ဝန်ထမ်းအချက်အလက်များ ဖြည့်သွင်းပြီးပါက Choose File တွင် Excel File အား Upload ပြုလုပ်ရန် ဖြစ်ပါသည်။ Save Button အား Click နှိပ်ပြီးပါက မိမိအခွန်ပေးသွင်းလိုသောဝန်ထမ်းအား Select ပေး၍ အခွန်ပေးဆောင်နိုင်ရန် Make Payment Button ကို Click နှိပ်ပါ။ အခွန်ထမ်းအချက်အလက်မှားယွင်း ထည့်သွင်းမိပါက Excel File အား ဖျက်ရန် Delete Data ကို Click နှိပ်ပါ။




၃။ မိမိအခွန်ပေးသွင်းလိုသောဝန်ထမ်းအား Select ပေး၍ အခွန်ပေးဆောင်နိုင်ရန် Make Payment Button ကို Click နှိပ်ပြီးပါက အခွန်ပေးဆောင်ရန်အတွက် Confirm Button အား Click နှိပ်ပါ။



IRD's Tax Payment Hub for Tax Payers

Tax Payment Summary

Tax Payer Profile

Tax Payer Identification Number: 110742576

Tax Payer National Card *

Tax Payer Name *: GOLDEN ASTER COMPANY LIMITED

Contact Email *: irdit2020@gmall.com

Contact Phone *: 095024529

Address *: 174, Ground Level, 47th Street, -, Hopang Township, Shan State, Myanmar

Tax Office Profile

Tax Office *: Medium Taxpayer Office(3)

Tax Info

Tax Type *: [PAYE] Pay As You Earn

Payment Type *: [MP] Advance Monthly Payment (ကြိုတင်ပေးသွင်းသောအခွန်)

Period *: June

Income Year *: 2025-2026

Amount (MMK): 19

Choose your payment type.

○ MMQR ○ Pay ○ Banking ○ Card

၄။ ထို့နောက် IRD's Tax Payment Hub တွင် Choose your payment Channel တွင် မိမိကြိုက်နှစ်သက်ရာနည်းလမ်းအားရွေးချယ်၍ အခွန်ပေးသွင်းနိုင်ပါသည်။



PAYE Management Module

Invoice: IRD2506131535360021 Date: 2025-06-14

Via: PAYE Management Portal

Payer Info

GOLDEN ASTER COMPANY LIMITED

Email : dev2.payplusmyanmar@gmail.com

Phone :

Address :174, Ground Level, 47th Street, -, Hopang Township, Shan State, Myanmar

Tin : 110742576

| | | | |
|---|---|---|---|
| **Tax Type** | Paye As You Earn (PAYE) | **PAYE Reference** | PAYE250613153534114 |
| **Payment Type** | Advanced Monthly Payment [AP] | **Payment Date** | 6/13/2025 9:06:05 AM |
| **Income Year** | 2025-2026 | **Transaction Status** | Success |
| **Tax Period** | JUN | | |
| **Tax Office** | Medium Taxpayer Office(3) | | |


Payment Method: bank

Amount: 15.00 MMK

Thank you for tax payment.

Bank Charges : 5000.00 MMK

Go Back | Generate PDF




၅။ မိမိဝန်ထမ်းများအား အခွန်ပေးသွင်းရန်အတွက် Excel File တွင်ဖြည့်သွင်းထားသော ဝန်ထမ်း တစ်ဦးချင်း၏အချက်အလက်များရှိ မိုဘိုင်းဖုန်းနံပါတ်သို့ အခွန်ပေးသွင်းပြီးကြောင်း SMS Message အား ပေးပို့မည်ဖြစ်ပါသည်။